# အသိပေးကြေညာချက်

၁။ (၁-၁-၂၀၂၁) ခုနှစ်မှစ၍ "နို့စို့ကလေးနှင့် ကလေးငယ်အတွက်ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်" ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အမှတ်တံဆိပ်ဖြင့်သာ ဈေးကွက်တင်ရောင်းချရန်၊

၂။ လက်လီ၊လက်ကားရောင်းချသော လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ဆိုင်တွင် တင်ပြရောင်းချသည့် မိခင်နို့အစားထိုးစားသောက်ကုန်များအတွက် အမိန့်ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ပြီးမှသာ ဆိုင်တင်ရောင်းချရန်၊

၃။ "နို့စို့ကလေးနှင့် ကလေးငယ်အတွက်ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်" ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိသော မိခင်နို့အစားထိုးစားသောက်ကုန်များ ဈေးကွက်တင်ရောင်းချခြင်းကိုစစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲမှုနည်းလမ်းများအရသော်လည်းကောင်း၊ တည်ဆဲအမျိုးသားအစားအသောက်ဥပဒေအရသော်လည်းကောင်း၊ အရေးယူဆောင်ရွက်ခြင်း ခံရမည်ဖြစ်သည်။

၄။ "နို့စို့ကလေးနှင့် ကလေးငယ်အတွက်ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်"နှင့်အကျုံးဝင်သော စားသောက်ကုန်များအား သိရှိနိုင်ရန် ပူးတွဲဇယားတွင်ဖော်ပြထားပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

**“နို့စို့ကလေးနှင့် ကလေးငယ်အတွက်ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်”**

**ပါပြဋ္ဌာန်းချက်အရကြီးကြပ်ကွပ်ကဲမည့် စားသောက်ကုန်များ (၂၀၂၁ခုနှစ်)**

| စဉ် | အစားအသောက်အမျိုးအစား | “နို့စို့ကလေးနှင့်ကလေးငယ်အတွက်ဖော်စပ်ထုတ်လုပ်ထားသောအစားအသောက်များဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်” ပါပြဋ္ဌာန်းချက်များအရ ကြီးကြပ်ကွပ်ကဲမည့် စားသောက်ကုန်များ |
|---|---|---|
| ၁။ | နို့စို့ကလေးအတွက်ဖော်စပ်စာ | အသက်(၆) လအောက်ကလေးသောက်သုံးရန် နို့ရည်၊ နို့မှုန့်စသည် |
| ၂။ | ကလေးငယ်အတွက်ဖော်စပ်စာ | အသက်(၆) လမှ ၂နှစ်အထိ ကလေးသောက်သုံးရန် နို့ရည်၊ နို့မှုန့်စသည် |
| ၃။ | ကျန်းမာရေးအတွက်သီးသန့်ဖော်စပ်စာ | သီးခြားအာဟာရ လိုအပ်ချက်ရှိသော နို့စို့ကလေး သို့မဟုတ် ကလေးငယ်အတွက် ယင်း၏ကျန်းမာရေးအခြေအနေ အရပ်ရပ်နှင့်လျော်ညီစွာ သီးသန့်ဖော်စပ်ထားသော (ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှရည်ညွှန်းထားသော WHO/FCH/CAH/ 09.01: Acceptable medical reasons for use of breast–milk substitute ပါ သက်ဆိုင်ရာရောဂါအမည်/ အခြေအနေကို ဖော်ပြထားသော) နို့ရည်၊ နို့မှုန့် |
| ၄။ | ဖော်စပ်ဖြည့်စွက်စာ | အသက်(၆) လမှ ၂နှစ်အထိ ကလေးတိုက်ကျွေးရန် ဖော်စပ်ထုတ်လုပ်ထားသော ဖော်စပ်ဖြည့်စွက်စာ အမှုန့်/ အရည်များ |
| ၅။ | နို့စို့ကလေးနှင့်ကလေးငယ်အတွက် ဖော်စပ်စာများနှင့် အသွင်သဏ္ဍာန်အားဖြင့်လည်းကောင်း၊ အသုံးပြုပုံအားဖြင့်လည်းကောင်း ဆင်တူသော်လည်း နို့စို့ကလေးနှင့်ကလေးငယ်အတွက် ရည်ရွယ်ထားခြင်းမဟုတ်သည့် သို့မဟုတ် သက်ဆိုင်ရာတာဝန်ရှိသူက နို့စို့ကလေးနှင့် ကလေးငယ်အတွက် မသင့်လျော်ဟု ဆုံးဖြတ်သည့် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ။ | |

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

Foodau4/DataD/Notesheet to DG